ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ဖော်ပြပါ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် သုံးသပ်ချက်များသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ") ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ စာရင်းစစ်မှ သုံးသပ်ပြီးသော ပေါင်းစည်းရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်းများ အပေါ်အခြေခံထားသည့် သုံးသပ်ထုတ်ပြန်ကြေညာချက် ဖြစ်ပါသဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲဖတ်ရှုသင့်ပါသည်။ အခြားငွေကြေးအနေဖြင့် သီးခြားဖော်ပြ ထားခြင်း မရှိလျှင် ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ သုံးသပ်ဖော်ပြ ထားပါသည်။

၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်များအတွက် ကျွန်ုပ်တို့ လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ စွမ်းဆောင်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

(ကျပ်)	၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်	၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
ဝင်ငွေ			
အခန်းငှားရမ်းခြင်း	၁,၃၈၂,၇၄၄,၆၁၇	၂,၁၁၈,၀၈၄,၈၄၁	**-၃၅%**
လူစီးမီးပုံပျံဝန်ဆောင်မှု	၄၂၁,၆၂၀,၉၁၀	၃၂၃,၄၀၆,၉၃၅	**၃၀%**
အစားအသောက်နှင့်အဖျော်ယမကာ	၆၇၁,၆၃၇,၄၉၀	၈၆၄,၂၉၉,၂၈၁	**-၂၂%**
အခြားဝင်ငွေ	၁၃၁,၈၆၁,၂၇၄	၂၀၆,၅၁၅,၉၀၀	**-၃၆%**
စုစုပေါင်း	**၂,၆၀၇,၈၆၄,၂၉၁**	**၃,၅၁၂,၃၀၆,၉၅၇**	**-၂၆%**
ရောင်းချမှုအတွက်ကုန်ကျစရိတ်			
အခန်းငှားရမ်းခြင်း နှင့် လူစီးမီးပုံပျံဝန်ဆောင်မှု	၉၁၇,၅၈၇,၇၉၅	၇၂၈,၄၈၂,၄၇၄	**၂၆%**
အစားအသောက်နှင့်အဖျော်ယမကာ	၅၅၁,၁၅၆,၆၆၅	၆၄၅,၄၀၇,၆၈၁	**-၁၅%**
အခြားအသုံးစရိတ်	၂၂,၂၄၃,၄၉၆	၂၅,၂၄၂,၇၀၉	**-၁၂%**
စုစုပေါင်း	**၁,၄၉၀,၉၈၇,၉၅၆**	**၁,၃၉၉,၁၃၂,၈၆၄**	**၇%**
အကြမ်းအမြတ်	**၁,၁၁၆,၈၇၆,၃၃၅**	**၂,၁၁၃,၁၇၄,၀၉၃**	**-၄၇%**
အခြားဝင်ငွေ	**၇,၃၉၉,၁၄၃**	**၃၉,၃၇၄,၆၇၇**	**-၈၁%**
အခြားကုန်ကျစရိတ်	**(၁,၉၀၄,၁၆၉,၈၉၂)**	**(၁,၉၁၆,၁၁၂,၁၁၃)**	**-၁%**
နိုင်ငံခြားငွေလဲလှယ်မှု ခြားနားချက်များ	**(၅၃,၇၃၈,၇၀၈)**	**(၄,၅၂၈,၁၅၁,၉၃၂)**	**-၉၉%**
အတိုးနှင့်တန်ဖိုးလျော့များ မတိုင်မီ အရှုံး - EBITDA	**(၈၃၃,၆၃၃,၁၂၂)**	**(၄,၂၉၁,၆၄၇,၁၁၂)**	**-၈၁%**
အတိုး မတိုင်မီ အရှုံး - EBIT	**(၂,၂၃၈,၄၆၄,၇၁၈)**	**(၆,၀၈၃,၆၅၉,၁၈၄)**	**-၆၃%**
အတိုးစရိတ်	**(၂,၉၀၈,၁၁၅,၄၈၁)**	**(၁,၈၆၃,၂၆၆,၂၄၀)**	**၅၆%**
အခွန်မလျာထားမီ အသားတင်အရှုံး	**(၅,၁၄၆,၅၈၀,၁၉၉)**	**(၇,၉၄၆,၉၂၅,၄၂၄)**	**-၃၅%**
အခြားဝင်ငွေအလုံးစုံ	**(၅,၁၂၅,၉၃၃,၈၀၃)**	**(၇,၉၃၂,၇၃၄,၅၅၇)**	**-၃၅%**

ကျွန်ုပ်တို့၏ အဓိကဝင်ငွေသည် အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများမှ ရရှိခြင်းဖြစ်ပါသည်။ ဝင်ငွေရရှိမှုကို ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုပါက ယခုတင်ပြသော ဘဏ္ဍာရေးနှစ်တွင် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တိုးချဲ့ပျံသန်းနိုင်ခဲ့ပြီး ဝင်ငွေရရှိမှုမှာလည်း တိုးတက်လာခဲ့ပါသည်။ သို့သော် ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွား လာရောက်တည်းခိုမှုနှုန်းသည် ယခင်ဘဏ္ဍာရေးနှစ်ထက်ကျဆင်းခဲ့ပြီး ယင်းနှင့်ဆက်စပ် လုပ်ငန်းများ ဖြစ်သော အစားအသောက်နှင့် အဖျော်ယမကာ၊ အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများ အပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိခဲ့၍ ယခု ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီ၏ စုစုပေါင်း ဝင်ငွေသည် ၂၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ကုမ္ပဏီ၏ ရောင်းရငွေအတွက် တိုက်ရိုက်ကုန်ကျသည့် စရိတ်သည် ယခင်ဘဏ္ဍာရေးနှစ်တွင် ၇ ရာခိုင်နှုန်းဖြင့် တက်ခဲ့ပါသည်။ အဓိက အကြောင်းမှာ ကုမ္ပဏီ၏ လူစီးမီးပုံးပျံလုပ်ငန်း ဝန်ဆောင်မှု အတွက် ကုန်ကျသည့်စရိတ်သည် ယခင်ဘဏ္ဍာရေးနှစ်ထက် ၂၆ ရာခိုင်နှုန်း ပိုကုန်ကျသုံးစွဲခဲ့ရ၍ ဖြစ်ပါသည်။ အခြားစီမံခန့်ခွဲမှုစရိတ်များဖြစ်သော လုပ်ငန်းလည်ပတ်စရိတ်၊ စီမံရေးရာနှင့်အထွေထွေ ကုန်ကျစရိတ်၊ အရောင်းမြှင့်တင်ရေး ဆိုင်ရာကုန်ကျစရိတ်များအား စိစစ်သုံးစွဲခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် ယခုတင်ပြသော ဘဏ္ဍာရေးနှစ်တွင် အသားတင်အရှုံး မြန်မာကျပ်ငွေ ၅.၁ ဘီလီယံကျော် ဖြစ်ပေါ်ခဲ့ပါသည်။

နိုင်ငံခြားငွေကြေးပြောင်းလဲသတ်မှတ်မှု နှင့် လဲလှယ်မှု အမြတ်/အရှုံး

လုပ်ငန်းအုပ်စုအနေဖြင့် ယခုဘဏ္ဍာရေးစာရင်း ရေးဆွဲဖော်ပြရာတွင် နိုင်ငံခြားငွေဖြင့် ဖော်ပြထားသော ရရန်ရှိ၊ ပေးရန်ရှိများအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲဖော်ပြရာတွင် တွက်ချက်ထားသော နိုင်ငံခြားငွေလဲနှုန်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော နှုန်းထားအတိုင်းဖြစ်ပြီး၊ ယခင်နှစ်တွင် တွက်ချက်ထားသည့် နှုန်းထားအတိုင်းဖြစ်၍ လုပ်ငန်းအုပ်စုအနေဖြင့် ယင်းသို့ ငွေကြေးအမျိုးအစား ပြောင်းလဲဖော်ပြရာ၌ ဖြစ်ပေါ်လာသော အမှန်တစ်ကယ် မပေါ်ပေါက်ခဲ့သော ငွေလဲလှယ်နှုန်းအရှုံး (Exchange Rate Differential - Unrealized) သက်ရောက်မှုမှာ များစွာ လျော့နည်းခဲ့ပါသည်။ သို့သော်လည်း ငွေလဲလှယ်နှုန်း မတည်ငြိမ်မှုကြောင့် နိုင်ငံခြားငွေနှင့်ပေးချေရသည့် စရိတ်အချို့ကို စာရင်းသွင်းရာတွင် ပေါက်လာသော ငွေလဲလှယ်နှုန်းအရှုံး (Exchange Rate Differential-Realized) မှာ ယခင်နှစ်ထက် ပိုမိုခဲ့ပါသည်။

(ကျပ်) **နိုင်ငံခြားငွေလဲလှယ်မှု ခြားနားချက်များ**	**၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်**	**၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်**	**ပြောင်းလဲမှု ရာခိုင်နှုန်းများ**
နိုင်ငံခြားငွေလဲလှယ်မှုခြားနားချက်များ -အမှန်ပေါ်ပေါက်သော	၃၆,၄၇၉,၇၅၅	၂၁,၁၅၄,၉၀၅	၇၂.၄%
နိုင်ငံခြားငွေလဲလှယ်မှုခြားနားချက်များ -အမှန်မပေါ်ပေါက်သော	၁၇,၂၅၈,၉၅၃	၄,၅၀၆,၉၉၇,၀၂၇	-၉၉.၆%
စုစုပေါင်း	**၅၃,၇၃၈,၇၀၈**	**၄,၅၂၈,၁၅၁,၉၃၂**	**-၉၈.၈%**

၂။ ဘဏ္ဍာရေးအခြေအနေ

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ၏ အနှစ်ချုပ်ရှင်းတမ်းကို ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ်အခြေအနေနှင့် နှိုင်းယှဉ်၍ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ သုံးသပ်ချက်များကို ဖော်ပြအပ်ပါသည်။

လက်ငင်းမဟုတ်သောရပိုင်ခွင့်များ

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများ၌ အသုံးပြုသော ပုံသေပိုင်ပစ္စည်းများ (Property, plant and equipment) များ အဓိက ပါဝင်ပါသည်။ ပုံသေပိုင်ပစ္စည်းများ ၅.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စီစစ်သုံးသပ်ကြည့်မည်ဆိုပါက မိမိတို့ လုပ်ငန်းအုပ်စု ပိုင်ဆိုင်သော ဟိုတယ်များထဲမှ "My Hpa-An Residence By Amata" ကို ရောင်းချလိုက်သည့်အတွက် လျော့ကျသွားသည့် နှုန်းထားမှာ ပုံသေပိုင်ပစ္စည်း စုစုပေါင်းတန်ဖိုး၏ ၃ ရာခိုင်နှုန်းခန့် ရှိပါသည်။ ထို့အပြင် အခြားပုံသေပိုင်ပစ္စည်းအချို့ကို ရောင်းချ၍ အသစ်ပြန်လည် ဝယ်ယူခြင်း၊ ဟိုတယ်နှင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သော ပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သော ပစ္စည်းများ (intangible assets)၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) ကြောင့် လျော့ကျခဲ့ရခြင်း ဖြစ်ပါသည်။

(ကျပ်)	၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်	၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ	၄၉,၂၃၁,၂၁၅,၈၈၆	၅၁,၉၇၀,၂၉၁,၆၂၅	-၅.၃%

လက်ငင်းရပိုင်ခွင့်များ

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့် ငွေသားကဲ့သို့သောအလားတူများ (cash and cash equivalents) များ ပါဝင်သည်။ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ကို ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၄၀.၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ယခုနှစ်တွင် ကုန်လက်ကျန်များကို လျော့ချ၍သိလှောင်ခြင်း၊ ရရန်ရှိများ အချိန်မီ ရရှိကောက်ခံနိုင်ခြင်းနှင့် ဟိုတယ်လုပ်ငန်းမှ ဝင်ငွေရရှိမှုကျဆင်းခဲ့သောကြောင့် လုပ်ငန်းလည်ပတ် စရိတ်များကို ကုမ္ပဏီမှစိုက်ထုတ်သုံးစွဲရသဖြင့် ငွေသားလက်ကျန်လျော့နည်းသွားခြင်း တို့ကြောင့် ဖြစ်ပါသည်။

(ကျပ်)	၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်	၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းရပိုင်ခွင့်များ	၂၇၈,၄၀၅,၀၅၄	၄၇၀,၆၂၄,၁၃၅	-၄၀.၈%

လက်ငင်းပေးရန်တာဝန်များ

လုပ်ငန်းအုပ်စု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ တစ်နှစ်အတွင်း ပေးရန်တာဝန်များ၊ ကြိုတင်အသုံးပြုထားသော စရိတ်များအတွက် ပေးရန်တာဝန်များ၊ ပေးချေရန်ငြိသောအခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံ ထားသော စရန်ငွေ၊ ပတ်သက်ဆက်နွယ်သူများထံသို့ ပေးရန်ရှိများနှင့် အခြားပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင်နှင့် အခြားအထွေထွေအရပ်ရပ်များ ပါဝင်ပါသည်။ ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာရေးနှစ်တွင် လက်ငင်းပေးရန်တာဝန်မှာ ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ ပတ်သက်ဆက်နွယ်သူများထံသို့ ပေးရန်ရှိအချို့ကို ပေးဆပ်လိုက်သည့်

အတွက် ပေးရန်ရှိ တစ်စိတ်တစ်ပိုင်း လျော့ကျခဲ့သော်လည်း၊ နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေအတွက် လက်ငင်းပေးဆပ်ရမည့် ကြွေးမြီတန်ဖိုး မြင့်တက်လာခြင်းနှင့် လုပ်ငန်းလည်ပတ် စရိတ်များ မြင့်တက်လာပြီး ပေးရန်ရှိအချို့ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ကျပ်)	၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်	၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းပေးရန်တာဝန်များ	၂၅,၈၆၁,၁၂၇,၉၇၀	၁၉,၈၈၆,၇၇၀,၅၇၁	၃၀ %

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားကာလရှည် ပေးရန်ရှိတာဝန်များအပြင် ကာလရှည်မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များပါဝင်ပါသည်။ ယခုဘဏ္ဍာရေးနှစ်နှင့် ယခင်ဘဏ္ဍာရေးနှစ် နှိုင်းယှဉ်ပါက ၂၃.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ရခြင်းမှာ လာမည့်နှစ်တွင် ပေးဆပ်ရမည့် ကြွေးမြီအရစ်အား စာရင်းရေးဆွဲခြင်းစံအရ လက်ငင်း(ကာလတို)ပေးရန်ရှိတာဝန်သို့ ရွှေ့ပြောင်းဖော်ပြခြင်းနှင့် မိမိတို့ လုပ်ငန်းအုပ်စု ပိုင်ဆိုင်သော ဟိုတယ်များထဲမှ "My Hpa-An Residence By Amata" ကို ရောင်းချလိုက်သည့်အတွက် ကာလရှည် မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များ လျော့ကျသွားခြင်းကြောင့် ဖြစ်ပါသည်။

(ကျပ်)	၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်	၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ	၁၁,၅၂၂,၅၂၆,၉၄၅	၁၄,၉၈၄,၇၅၃,၁၁၃	-၂၃.၁%

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity) တွင် အစုရှယ်ယာ မတည်ရင်းနှီးငွေ၊ ထိန်းသိမ်းထားရှိသော အမြတ်ငွေလက်ကျန် (Retained Earnings) နှင့် ထိန်းချုပ်ထားခြင်းမရှိသော အကျိုးခံစားခွင့် Non-Controlling Interest (NCI) တို့ ပါဝင်ပါသည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်တွင် ၃၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

(ကျပ်)	၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်	၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
စုစုပေါင်းရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ	၁၂,၁၂၅,၉၆၆,၀၂၅	၁၇,၅၆၉,၃၉၂,၀၇၆	-၃၁ %

ပြန်လည်သုံးသပ်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်

၂၀၂၄ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်တွင် အမတဟိုးလ်ဒင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (အမတလုပ်ငန်းစု)သည် လွန်ခဲ့သော ၅ နှစ်အတွင်း ဥက္ကဋ္ဌ၏ ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့် အဖွဲ့တို့၏ ယခင်အတွေ့အကြုံများပေါ်အခြေခံ၍ အခြေအနေများနှင့်လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ လုပ်ငန်းကို ဆက်လက်ရပ်တည်နိုင်၍ စိန်ခေါ်မှုများကို ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ဆောင်မှုကဏ္ဍသည် လွန်ခဲ့သောနှစ်များအတွင်း ဖြစ်ပွားခဲ့သော ရာသီဥတုပြောင်းလဲမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့ပွားမှု၊ မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသော ပြောင်းလဲမှုများကြောင့် စီးပွားရေးတိုးတက်မှုကိုများစွာအဟန့်အတားဖြစ်စေခဲ့ပြီး၊ အုပ်စု၏ အနာဂတ်မျှော်မှန်းချက်များ၊ စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း ရလာဒ်များ၊ ဘဏ္ဍာရေးအခြေအနေများအပေါ် ဆိုးရွားစွာအကျိုးသက်ရောက်စေခဲ့ပါသည်။

လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများပြားသော မြန်မာ့ခရီးသွား လုပ်ငန်းနယ်ပယ်တွင် စီးပွားရေး ရေရှည်တည်တံ့ရပ်တည်နိုင်ရေးအတွက် ဒါရိုက်တာဘုတ်အဖွဲ့သည် “My Hpa-An Residence by Amata” ကို ရောင်းချခြင်းသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်ခဲ့ကြပါသည်။ ရရှိသည့်ငွေကို အနာဂတ်စီးပွားရေးအခွင့်အလမ်းသစ်များတွင်အစားထိုးရင်းနှီးမြှုပ်နှံခြင်း၊ ပတ်သက်ဆက်နွယ်သူများထံသို့ ပေးရန်ရှိများကိုပေးဆပ်ခြင်း၊ ငပလီနှင့် အင်းလေးဒေသရှိ ဟိုတယ်များတွင် လိုအပ်သည့်နေရာများ ပြင်ဆင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်း၊ လိုအပ်သော လျှပ်စစ်စွမ်းအားကို ဖြည့်တင်းနိုင်ရန်အတွက် Generator များ အသစ်ဝယ်ယူခြင်းများတွင် အသုံးပြုခဲ့ပါသည်။

လက်ရှိအခြေအနေတွင် မမျှော်မှန်းနိုင်သော အခြေအနေများကြောင့် ဟိုတယ်အချို့ကို ပိတ်ထားရပါသော်လည်း ခရီးသည်ဝင်ရောက်မှုနှုန်း နည်းပါးသည့် မိုးရာသီကာလများ ဖြစ်သည့်အတွက် လုပ်ငန်းအုပ်စုအပေါ်သိသာစွာ အကျိုးသက်ရောက်ခြင်း မရှိသေးပါ။ သို့သော် လာမည့်ခရီးသွားရာသီတွင် မမျှော်မှန်းနိုင်သော အခြေအနေများ ဆက်လက်ဖြစ်ပေါ်လာနိုင်ပြီး၊ ကုမ္ပဏီအနေဖြင့်မိမိတို့၏ လုပ်ငန်းအုပ်စုအား ဤအခက်အခဲများကြားတွင် ရေရှည်တည်တံ့နိုင်ရေးနှင့် ပြောင်းလဲမှုနှင့်အညီ လုပ်ငန်းများအားလည်း အကောင်းမွန်ဆုံး လည်ပတ်နိုင်ရန်အတွက် အစီအမံများ ချမှတ်ထားပြီး အစုရှယ်ယာရှင်များ၏ အနာဂတ် အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား

ဦးဝင်းအောင်

ဥက္ကဋ္ဌ